
Government of Western Australia
North Metropolitan Health Service
WA Cervical Cancer Prevention Program


NATIONAL
CERVICAL SCREENING
PROGRAM
A joint Australian, State and Territory Government Program

# သားအိမ်ခေါင်း စစ်ဆေးခြင်း – နမူနာကို ကိုယ်တိုင်ရယူပ

5 နှစ်တိုင်း သားအိမ်ခေါင်း စစ်ဆေးခြင်းသည် သင်နှင့်၊ သင့်မိသားစုအား ကျန်းမာနေစေရန် အထောက်အကူ ပြုပါလိမ့်မည်။





သင့်ဆရာဝန် သို့မဟုတ် သူနာပြုသည် သင့်အား ကိုယ်တိုင် နမူနာထုတ်ယူရန် ဂွမ်းဖတ်တစ်ခုနှင့် အတူ သီးသန့်နေရာတစ်ခု ပေးပါလိမ့်မည်။





လက်များကိုဆေးပြီး ခြောက်သွေ့အောင်ပြုလုပ်ပါ။ ကိုယ်တိုင် နမူနာ ထုတ်ယူရန် ဂွမ်းဖတ်ကို ကြည့်လိုက်ပါ။ ဂွမ်းဖတ်တွင် အဆုံးပိုင်းတစ်ဖက်ကို သင် ကိုင်ထားနိုင်ပြီး အခြားအဆုံးပိုင်း တစ်ဖက်ဖြင့် နမူနာထုတ်ယူရန်ဖြစ်သည်။





သင် သက်သောင့်သက်သာဖြစ်မည့် ကိုယ်အနေအထားတွင်နေပြီး ခါးအောက်ပိုင်းမှ သင့်အဝတ်အစားများနှင့် အတွင်းခံကိုချွတ်ပါ။ ကျန်အဝတ်အစားများကို သင် ဆက်ဝတ်ထားနိုင်ပါသည်။





အဖုံးကိုလှည့်ဖွင့်ပြီး ပြွန်ဘူးထဲမှ ဂွမ်းဖတ်ပါအတံကို ထုတ်ယူပါ။ နမူနာထုတ်ယူရမည့် အတံဂွမ်းဖတ်ထိပ်ဖျားပိုင်းကို လက်ဖြင့်မထိပါနှင့်။




ဂွမ်းဖတ်ကို သင့် မိန်းမကိုယ်အတွင်း စင်တီမီတာ အနည်းငယ် ထိုးသွင်းပါ။ မည်မျှအထိ ထိုးသွင်းရမည်ကိုပြသထားသော မျဉ်းကြောင်း သို့မဟုတ် အမှတ်အသား ဂွမ်းဖတ်တွင် ရှိပါသည်။




ဂွမ်းဖတ်ကို 10 စက္ကန့်မှ 30 စက္ကန့်ကြာ အသာအယာ မွှေပေးလိုက်ပါ။ ဤသို့ပြုလုပ်ခြင်းသည် နာကျင်မှု မဖြစ်စေသော်လည်း ကသိကအောက် ဖြစ်စေနိုင်ပါသည်။




သင့် မိန်းမကိုယ်တွင်းမှ ဂွမ်းဖတ်ကို ပြန်ထုတ်ပြီး ပြွန်ဘူးထဲပြန်ထည့်ပါ။ မိန်းမကိုယ်အတွင်း ထိုးသွင်းလိုက်သည့်ထိပ်ပိုင်းကို မည်သည့်အရာနှင့်မျှ မထိတွေ့စေရန် သေချာစေပါ။




အဝတ်အစားများ ပြန်ဝတ်ပြီး သင့်လက်များကို ဆေးပါ။




ကိုယ်တိုင် နမူနာယူထားသည့် ဂွမ်းဖတ်ကို သင့်ဆရာဝန် သို့မဟုတ် သူနာပြုအား ပေးလိုက်ပါ။ တွေ့ရှိချက်များကို သင့်ဆရာဝန် သို့မဟုတ် သူနာပြုထံသို့ ပို့ပေးပါလိမ့်မည်။

အကယ်၍ သင် တစ်စုံတစ်ရာ မေးမြန်းလိုလျှင် သို့မဟုတ် အများတစ်ခုခု ပြုလုပ်မိသည်ဟု ထင်မြင်ပါက သင့်ဆရာဝန် သို့မဟုတ် သူနာပြုကို ပြောပြပါ။ သင် အောက်ပါအတိုင်းလည်း လုပ်နိုင်ပါသည် -

- သားအိမ်ခေါင်း စစ်ဆေးခြင်းနှင့်ပတ်သက်ပြီး ပိုမိုသိရှိရန် **health.gov.au/NCSP-multicultural** တွင် ကြည့်ပါ။
- **1800 627 701** ကို ဖုန်းဆက်ပါ။
- **(08) 6458 1740** ကို ဖုန်းဆက်ပါ။
- သင့်ဘာသာစကားဖြင့် အကူအညီရရန်အတွက် ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု (Translating and Interpreting service) (TIS National) ဖုန်း **13 14 50** ကို ဖုန်းဆက်ပါ။